**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော**
**တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏**
**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေး ( ၁၅/၂၀၂၁)**

# ထုတ်ပြန်ကြေညာချက်

**၂၀၂၁ ခုနှစ်၊ ဧပြီလ (၂၇) ရက်**

၂၀၂၁ခုနှစ်၊ ဧပြီလ ၂၆ ရက်နှင့် ၂၇ ရက်နေ့တွင် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခင်းအကျင်းနှင့်စပ်လျဉ်း၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေး (၁၅/၂၀၂၁) ကို ခေါ်ယူကျင်းပခဲ့သည်။ ယင်းအစည်းအဝေးမှ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပဋိပက္ခများချုပ်ငြိမ်းရေးနှင့်စပ်လျဉ်း၍ ဖြေရှင်းနိုင်သော နည်းလမ်းများကို ရှာဖွေပြီး ဆွေးနွေးညှိနှိုင်း ပြီးနောက် အောက်ပါ ဘုံသဘောထားရပ်တည်ချက်များကို ထုတ်ပြန်ကြေညာအပ်ပါသည်။

၁။ လက်ရှိဖြစ်ပေါ်နေသော ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပဋိပက္ခများအမြန်ဆုံးချုပ်ငြိမ်းနိုင်ရေးအတွက် NCA-S EAO မှ ကြိုးပမ်း ဆောင်ရွက်သွားမည်။

၂။ ဖမ်းဆီးထိန်းသိမ်းထားသူများအားလုံးကိုခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်နှင့် လက်နက်မဲ့ပြည်သူ လူထုများအပေါ် အကြမ်းဖက် သတ်ဖြတ်၊ ပစ်ခတ် နှိမ်နင်းမှုကို ချက်ခြင်း ရပ်တန့်ပေးရန်။

၃။ တိုင်းရင်းသားပြည်သူလူထုများ နေထိုင်သည့် ကျေးရွာများ၊ ဒေသများတွင် ဗုံးကြဲတိုက်ခိုက်မှုများကို အပြင်းအထန် ကန့်ကွက်ရှုံ့ချပြီး ချက်ခြင်းရပ်တန့်ပေးရန်။

၄။ လက်ရှိမြန်မာနိုင်ငံရေးအကျပ်အတည်းနှင့် ပတ်သက်၍ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ကျင်းပခဲ့သည့် ASEAN ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအစည်းဝေး၏ ကြိုးပမ်းမှုအပါဝင် နိုင်ငံတကာအသိုင်းအဝိုင်းမှ ကြားဝင်စေ့စပ် ဖြေရှင်းပေးရေးကို ကြိုဆိုပါသည်။ နိုင်ငံတကာကြားဝင်စေ့စပ်ဖြေရှင်းခြင်းများသည် မြန်မာနိုင်ငံ၏ ပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီရေးကို PPST အနေဖြင့် ကြိုးပမ်း ဆောင်ရွက်သွားမည်။

၅။ PPST သည် CRPH အပေါ် ဆက်စပ်ညှိနှိုင်းပံ့ပိုးရေးကို အစုအဖွဲ့အလိုက်သော်လည်းကောင်း၊ တဖွဲ့ချင်း အလိုက်သော်လည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်။

၆။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကိုဖွဲ့စည်းနိုင်ခြင်းသည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ကြိုးပမ်းတည်ဆောက်ရေးတွင် တိုးတက်မှုအဆင့်တရပ်သို့ တက်လှမ်းနိုင်ခြင်းဟု ရှုမြင်သည့်အတွက် ကြိုဆိုပါသည်။

၇။ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေ၊ အခင်းအကျင်းအပေါ်မူတည်၍ EAO များစုစည်းနိုင်ရေးနှင့် စုဖွဲ့မှုအသစ် ဖော်ဆောင်သွားနိုင်ရေးတို့အတွက် ညီနောင် EAO များအားလုံးနှင့် ညှိနှိုင်းဆွေးနွေးသွားမည်။

**ဆက်သွယ်ရန်၊**

၁။ ဗိုလ်မှူးကြီးစိုင်းငင်း ၊ ၀၉ ၄၂၈၃၃၃၈၅၅ (မြန်မာ)၊ +၆၆ ၈၆၁၉၄၀၁၇၉ (ထိုင်း)

၂။ ပဒိုစောတောနီး ၊ +၆၆ ၆၃၀၂၀၂၄၁၁ (ထိုင်း)